# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 3 , 2023 | Volume 63, Number 3


## နယ်စပ်ကုန်သွယ်ရေးမှ ပြည်ပသို့ကုန်ပစ္စည်းတင်ပို့ရာတွင် ကုန်ပစ္စည်းတင်ဆောင်မည့်ယာဉ်များက ကုန်ပစ္စည်းသယ်ဆောင်ခွင့်ကို အွန်လိုင်းစနစ်ဖြင့် ကြိုတင်လျှောက်ထားရမည်

နယ်စပ်ကုန်သွယ်ရေးမှ ပြည်ပသို့ကုန်ပစ္စည်းတင်ပို့ရာတွင် ကုန်ပစ္စည်းတင်ဆောင်မည့်ယာဉ်များက ကုန်ပစ္စည်းသယ်ဆောင်ခွင့်ကို အွန်လိုင်းစနစ်ဖြင့် ကြိုတင်လျှောက်ထားရန် ကုန်သွယ်ရေးဦးစီးဌာနက ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က ထုတ်ပြန်ထားသည်။

ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် နယ်စပ်ကုန်သွယ်ရေးမှ ပြည်ပသို့ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းနှင့်မြေပဲတင်ပို့ခြင်းကို စနစ်တကျကြပ်မတ်ဆောင်ရွက်နိုင်ရေးအတွက် ပို့ကုန်လိုင်စင်ရရှိပြီးသည့် ကုန်ပစ္စည်းများသယ်ဆောင်သော ပို့ကုန်ယာဉ်များ အနေဖြင့် ကုန်ပစ္စည်းသယ်ဆောင်ခွင့်လက်မှတ်(မျှော)ကို ကြိုတင်ရယူပြီးမှသာ သယ်ဆောင်ခွင့်ပြုလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များ ပိုမိုလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ကုန်ပစ္စည်းသယ်ဆောင်ခွင့်ကို အွန်လိုင်းစနစ်ဖြင့် ခွင့်ပြုထုတ်ပေးမည်ဖြစ်သည်။ ကုန်ပစ္စည်းသယ်ဆောင်ခွင့်ကို အထက်အပိုဒ် ၁ ပါ ကုန်ပစ္စည်းအပါအဝင် ပို့ကုန်ပစ္စည်းအားလုံးအတွက် လျှောက်ထားရန်လိုအပ်ကြောင်း သိရသည်။

ကုန်ပစ္စည်းသယ်ဆောင်ခွင့်လျှောက်ထားရာတွင် တင်ပို့မည့် ကုန်ပစ္စည်းများအတွက် နယ်စပ်ပို့ကုန်လိုင်စင်ကို Myanmar Tradenet 2.0 စနစ်တွင် ဦးစွာလျှောက်ထားရမည်ဖြစ်ကြောင်း၊ နယ်စပ်ပို့ကုန်လိုင်စင်ရရှိ ပြီးသည့်အခါ ပို့ကုန်တင်ပို့မည့်ယာဉ်များ၏ အချက်အလက်များကို https://vehicle.myanmartradenet.com (Vehicle Monitoring System) တွင် ဖြည့်သွင်း လျှောက်ထားရန်ဖြစ်ကြောင်း၊ လျှောက်ထားမှုအပေါ် လိုအပ်သည့်အချက်အလက်များအား တာဝန်ရှိဝန်ထမ်းများက စိစစ်ပြီးသည့်အခါ QR Code ပါဝင်သည့် ကုန်ပစ္စည်းသယ်ဆောင်ခွင့်ကို ထုတ်ပေးမည်ဖြစ်ကြောင်း၊ လိုင်စင်လျှောက်ထားရန်မလိုသော ကုန်ပစ္စည်းများအတွက် ကုန်ပစ္စည်းသယ်ဆောင်ခွင့်ကို တိုက်ရိုက်လျှောက်ထားနိုင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပို့ကုန်ပစ္စည်းသယ်ဆောင်သည့်ယာဉ်များသည် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက် ကုန်စည်စစ်ဆေးရေးဂိတ်များရှိ တာဝန်ကျဝန်ထမ်းများထံသို့ အဆိုပါ QR Code အား ပြသ၍စစ်ဆေးမှုခံယူရမည်ဖြစ်ကြောင်း၊ QR Code ပြသစစ်ဆေးခံနိုင်ခြင်းမရှိသည့် ယာဉ်များအား သက်ဆိုင်ရာစစ်ဆေးရေးဂိတ်များမှ ဆက်လက်ထွက်ခွာခွင့်ပြုမည်မဟုတ်ကြောင်း၊ အဆိုပါယာဉ်များအနေဖြင့် ကုန်ပစ္စည်း

၃.၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၅.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၂.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၇၂.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၈၂.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၁.၅၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၄၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၇၀.၆၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၃.၁၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၇၀၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

သယ်ဆောင်ခွင့်ကို Online မှပြန်လည်လျှောက်ထားပြီး QR Code ရရှိပြီးမှသာ ဆက်လက်ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ လုပ်ငန်းရှင်များအနေဖြင့် QR Code ပါဝင်သည့် ကုန်ပစ္စည်းသယ်ဆောင်ခွင့်ကိုအွန်လိုင်းမှ ကြိုတင်လျှောက်ထားရယူရမည်ဖြစ်ကြောင်း၊ အဆိုပါစနစ်ဖြင့် ကုန်ပစ္စည်းသယ်ဆောင်ခွင့်ပြုခြင်းကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၁၀ ရက်အထိ စမ်းသပ်ကာလအဖြစ် မူဆယ်၊ မြဝတီ၊ချင်းရွှေဟော်ကုန်သွယ်မှုလမ်းကြောင်းများတွင် စတင်အသုံးပြုသွားမည်ဖြစ်ကြောင်း၊ စမ်း သပ်ကာလအတွင်း အခကြေးငွေကောက်ခံခြင်းမပြုဘဲ ခွင့်ပြုသွားမည်ဖြစ်သည်။

ကုန်ပစ္စည်းသယ်ဆောင်ခွင့်(QR Code)ရရှိပြီးမှသာ ကုန်ပစ္စည်းတင်ပို့ခွင့်ပြုသည့်စနစ်ကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်မှစတင်၍ အပြည့်အဝအသုံးပြုဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါရက်မှစတင်ကာ ယာဉ်တစ်စီးလျှင် ကျပ် ၅၀၀၀ နှုန်း ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/243916

## မတ်ပဲ၊ ပဲစင်းငုံနီ၊ ပဲတီစိမ်း ဈေးအားလုံး သိသိသာသာမြင့်တက်

ပြီးခဲ့တဲ့အပတ်ဈေးအပိတ် ဇန်နဝါရီ ၂၇ ရက်နဲ့ယှဉ်ရင် ဒီနေ့ ဖေဖော်ဝါရီ ၂ ရက်မှာတော့ မတ်ပဲ၊ ပဲစင်းငုံနီ၊ ပဲတီစိမ်းတွေဟာ ဈေးကွက်အားလုံးမှာ ဈေးတွေ သိသိသာသာမြင့်တက်လာပါတယ်။

ဇန်နဝါရီ ၂၃ ရက်တုန်းက ရန်ကုန် ဘုရင့်နောင်ဈေးကွက်မှာ တစ်တန်ကို ၁၆၅၇၀၀၀ ကျပ် (တစ်တင်း ၅၃၂၈၀ ကျပ်) သာ ဈေးရှိခဲ့တဲ့ မတ်ပဲ(FAQ/RC – 2022) ဟာ ဒီနေ့(ဖေဖော်ဝါရီ ၂ ရက်)မှာတော့ တစ်တန်ကို ၁၈၈၀၀၀၀ ကျပ် (တစ်တင်း ၆၀၄၅၀ ကျပ်) ထိဖြစ်လာလို့ ၁၀ ရက်အတွင်း တစ်တန်ကို ကျပ် ၂၂၀၀၀၀ ကျော် ဈေးမြင့်တက်သွားတာပါ။

မတ်ပဲ(SQ/RC – 2022) ကလည်း ဇန်နဝါရီ ၂၃ ရက်တုန်းက တစ်တန်ကို ၁၈၈၇၅၀၀ကျပ် (တစ်တင်း ၆၀၆၉၀ ကျပ်) သာ ရှိခဲ့ရာကနေ ဒီနေ့မှာတော့ တစ်တန်ကို ၂၀၃၃၀၀၀ ကျပ် (တစ်တင်း ၆၅၃၇၀ ကျပ်) ထိဖြစ်သွားပြီး သူလည်း ၁၀ ရက်အတွင်း တစ်တန်ကို ကျပ် ၁၄၅၀၀၀ ကျော် ဈေးမြင့်တက်သွားတာဖြစ်ပါတယ်။

အခြားဈေးကွက်တွေဖြစ်တဲ့ မန္တလေး၊ အောင်လံ၊ ပေါင်းတည် ဈေးကွက်တွေအားလုံးမှာလည်း ဈေးတွေတက်လာတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပတ်ဈေးအပိတ် ဇန်နဝါရီ ၂၇ ရက်နဲ့ယှဉ်ရင် ဈေးတွေ ဆက်တိုက်မြင့်တက်လာတာဖြစ်ပါတယ်။ ပဲစင်းငုံနီဟာလည်း မတ်ပဲနဲ့အပြိုင် ဇန်နဝါရီ ၂၃ ရက်နောက်ပိုင်း ဈေးတွေပြန်တက်နေတာဖြစ်ပြီး ဇန်နဝါရီ ၂၃ ရက်တုန်းက ရန်ကုန်၊ ဘုရင့်နောင်ဈေးကွက်မှာ တစ်တန်ကို ၁၈၁၁၀၀၀ ကျပ် (တစ်တင်း ၅၈၂၃၀ ကျပ်) သာရှိရာကနေ ဒီနေ့မှာတော့ တစ်တန်ကို ၁၉၅၇၅၀၀ (တစ်တင်း ၆၂၉၄၀ ကျပ်) ဖြစ်လာလို့ ၁၀ ရက်အတွင်း တစ်တန်ကို ၁၄၆၅၀၀ ကျပ် မြင့်တက်သွားတာဖြစ်ပါတယ်။

မန္တလေး၊ ပခုက္ကူ ပြည်ဈေးကွက်အားလုံးမှာလည်း ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင်တောင် အတော်လေးမြင့်တက်လာတာဖြစ်ပါတယ်။ ပဲတီစိမ်းဈေးတွေဟာလည်း ဆက်တိုက်အတက်ပြနေပြီး အမျိုးအစားကိုလိုက်လို့ တစ်တင်းကို ကျပ် ၅၀၀၀၀ ကျော် ၆၀၀၀၀ နီးပါးကနေ ၇၀၀၀၀ ကျော်ထိ ဈေးတွေဖြစ်လာတာတွေ့ရပါတယ်။ (ရန်ကုန်ဈေးကွက်ဟာ ၁ ပိဿာ ဈေးနှုန်းတွေဖြစ်ပြီး ၁ တင်းဈေးနှုန်းသိချင်ရင်တော့ ၂၀ နဲ့ မြှောက်ကြည့်လို့ရပါတယ်။ မန္တလေးဈေးကွက်ကတော့ ၃ တင်းဝင် တစ်အိတ် ဈေးနှုန်းတွေဖြစ်ပါတယ်။) ဈေးတွေဘယ်လောက်ထိ တက်သွားတယ်ဆိုတာကိုတော့ အောက်ပါဇယားမှာ နှိုင်းယှဉ်ကြည့်ရှုနိုင်ပါတယ် – (ဇယားမှာတော့ ပြီးခဲ့တဲ့အပတ် သောကြာနေ့ (၂၇.၁.၂၀၂၃) ဈေးတွေနဲ့ပဲ နှိုင်းယှဉ်ဖော်ပြပေး ထားတာဖြစ်ပါတယ်။)

| အမျိုးအစား | ဈေးကွက် | ရေတွက်ပုံ | ၂၇.၁.၂၀၂၃ (ကျပ်) | ၂.၂.၂၀၂၃ (ကျပ်) |
|---|---|---|---|---|
| မတ်ပဲ(FAQ/RC – 2022) | ရန်ကုန်(ဘုရင့်နောင်) | ၁ တန်(၃၃.၁ တင်းခွဲ) | ၁၇၁၈၀၀၀ | ၁၈၀၀၀၀၀ |
| မတ်ပဲ(SQ/RC – 2022) | ရန်ကုန်(ဘုရင့်နောင်) | ၁ တန်(၃၃.၁ တင်းခွဲ) | ၁၉၅၃၀၀၀ | ၂၀၃၃၀၀၀ |
| မတ်ပဲ(သစ်) | မန္တလေး | ၁ အိတ်(ပိဿာ ၆၀) | ၁၆၇၀၀၀-၁၆၈၀၀၀ | ၁၇၅၀၀၀ |
| မတ်ပဲ | မကွေး (အောင်လံ) | ၁ တင်း (ပိဿာ ၂၀) | ၅၃၅၀၀ | ၅၆၀၀၀ |
| မတ်ပဲ (သစ်) | ပဲခူး (ပေါင်းတည်) | ၁ တင်း (ပိဿာ ၂၀) | ၅၆၀၀၀ | ၅၇၀၀၀ |
| ပဲစင်းငုံ (RC – 2023) | ရန်ကုန်(ဘုရင့်နောင်) | ၁ တန်(၃၃.၁ တင်းခွဲ) | ၁၈၂၆၀၀၀ | ၁၉၅၇၅၀၀ |
| ပဲစင်းငုံ (သစ်) | မန္တလေး | ၁ အိတ်(ပိဿာ ၆၀) | ၁၇၂၀၀၀ | ၁၈၅၀၀၀ |
| ပဲစင်းငုံ (၂၀၂၃) | မကွေး (ပခုက္ကူ) | ၁ တင်း (ပိဿာ ၂၀) | ၅၇၄၀၀ | ၆၁၈၀၀ |
| ပဲစင်းငုံ(သစ်) (၂၀၂၂) | ပဲခူး (ပြည်) | ၁ တင်း (ပိဿာ ၂၀) | ၅၈၀၀၀ | ၆၀၅၀၀ |
| ပဲတီစိမ်း(ခရမ်းရွှေဝါ) | ရန်ကုန်(ဘုရင့်နောင်) | ၁ ပိဿာ | ၂၈၀၀ - ၂၉၂၀ | ၂၉၀၀ - ၃၀၂၀ |
| ပဲတီစိမ်း(ပဲခူးရွှေဝါ) | ရန်ကုန်(ဘုရင့်နောင်) | ၁ ပိဿာ | ၂၅၀၀ - ၂၉၅၀ | ၂၆၀၀ - ၃၀၅၀ |
| ပဲတီစိမ်း(ဝါးခယ်မ) | ရန်ကုန်(ဘုရင့်နောင်) | ၁ ပိဿာ | ၂၀၈၀ - ၂၄၂၀ | ၂၁၈၀ - ၂၅၂၀ |
| ပဲတီစိမ်း | မန္တလေး | ၁ အိတ်(ပိဿာ ၆၀) | ၁၃၃၀၀၀-၁၉၈၀၀၀ | ၁၄၅၀၀၀ -၂၂၅၀၀၀ |
| ပဲတီစိမ်း | မကွေး (အောင်လံ) | ၁ တင်း (ပိဿာ ၂၀) | ၅၄၀၀၀ | ၅၇၀၀၀ |
| ပဲတီစိမ်း | ပဲခူး (ပြည်) | ၁ တင်း (ပိဿာ ၂၀) | ၅၆၀၀၀ | ဈေးမြင့် |
| ပဲတီစိမ်း (ရွှေဝါ) | မွန် (မော်လမြိုင်) | ၁ တင်း (ပိဿာ ၂၀) | ၆၁၀၀၀ | ၆၇၀၀၀ |

https://greenwaymyanmar.com

ပြည်ပပို့ကုန်ပဲဈေးကွက်မှာ အိန္ဒိယရဲ့ပဲလိုအပ်ချက်ကြောင့် ဝယ်ယူမှုတွေမြင့်တက်နေတာ၊ ငွေလဲဈေးနှုန်းမြင့်တက်လာတာတွေအပြင် တရုတ်ဘက်ကပါ ဝယ်ယူမှုတွေရှိနေတာကြောင့် ဈေးတွေကောင်းနေတာဖြစ်တယ်လို့ လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်း အေဂျင်စီ(AMIA) ရဲ့ သတင်းပေးပို့ထားချက်တွေအရ သိရပါတယ်။

(လယ်ယာစိုက်ပျိုးရေးနှင့်ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများနှင့် သုံးသပ်ချက်ကို အခြေခံဖော်ပြခြင်း ဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/Blackgram_Pigeon-pea_Greengram_Market_prices

## မူဆယ် ၁၀၅ မိုင် ပဲမျိုးစုံ၊ ပြောင်း၊ ရော်ဘာဈေးနှုန်းများ

တရုတ်နယ်စပ်ဂိတ်တွေပြန်ဖွင့်လာတာကြောင့် အစိမ်းရောင်လမ်းရဲ့ သီးနှံဈေးနှုန်းကဏ္ဍမှာလည်း မူဆယ် ၁၀၅ မိုင် နယ်စပ် ကုန်သွယ်ရေးစခန်းရဲ့ သီးနှံဈေးကွက်ဈေးနှုန်းအချို့ကို ပြန်လည်ကြည့်ရှုနိုင်နေပြီ ဖြစ်ပါတယ်။

ယနေ့ ဖေဖော်ဝါရီ ၂ ရက်မှာတော့ တရုတ်နိုင်ငံကို နယ်စပ်ကနေ အဓိကကုန်တင်ပို့ရာဈေးကွက်ဖြစ်တဲ့ မူဆယ် ၁၀၅ မိုင် ဈေးကွက်မှာ ပဲယင်းနဲ့ကုလားပဲလုံးကလွဲလို့ နယ်စပ်ပို့ကုန်အားလုံးဈေးတွေ မြင့်တက်လာတာတွေ့ရပါတယ်။ ဘယ်လောက်အထိ ဈေးတွေအတက်အကျဖြစ်သွားတယ်ဆိုတာကိုတော့ အောက်ပါဇယားမှာ ကြည့်ရှုနိုင်ပါတယ် –

| စဉ် | အမျိုးအစား | ဈေးကွက် | ရေတွက်ပုံ | ဈေးနှုန်း (ဒေါ်လာ) 23.1.2023 | ဈေးနှုန်း (ဒေါ်လာ) 2.2.2023 |
|---|---|---|---|---|---|
| ၁ | ပြောင်းဖူးစေ့ | ၁၀၅ မိုင် (ရှမ်း) | ၁ တန် | ၂၆၄ မှ ၂၇၂ | ၂၈၅ မှ ၃၀၀ |
| ၂ | မြေပဲ | ၁၀၅ မိုင် (ရှမ်း) | ၁ တန် | ၁၃၃၅ မှ ၁၃၆၄ | ၁၃၄၁ မှ ၁၃၇၁ |
| ၃ | ပဲယင်း | ၁၀၅ မိုင် (ရှမ်း) | ၁ တန် | ၅၂၃ မှ ၅၅၂ | ၄၅၂ မှ ၇၄၈ |
| ၄ | ပဲကြီး(big) | ၁၀၅ မိုင် (ရှမ်း) | ၁ တန် | ၈၄၇ မှ ၉၉၅ | |
| ၅ | နံစားပြောင်း | ၁၀၅ မိုင် (ရှမ်း) | ၁ တန် | ၃၄၃ မှ ၃၇၂ | ၃၄၄ မှ ၃၇၃ |
| ၆ | ပဲလွန်းဖြူ | ၁၀၅ မိုင် (ရှမ်း) | ၁ တန် | ၅၅၂ မှ ၆၁၁ | ၅၅၆ မှ ၆၁၅ |
| ၈ | မြေတောက်ပဲ | ၁၀၅ မိုင် (ရှမ်း) | ၁ တန် | ၈၁၈ မှ ၈၇၇ | ၁၀၄၅ မှ ၁၁၁၉ |
| ၉ | ထောပတ်ပဲ | ၁၀၅ မိုင် (ရှမ်း) | ၁ တန် | ၅၉၆ မှ ၆၇၀ | ၆၀၀ မှ ၆၇၄ |
| ၁၀ | ပဲနီကြီး | ၁၀၅ မိုင် (ရှမ်း) | ၁ တန် | ၄၉၃ မှ ၅၂၃ | ၄၉၆ မှ ၅၂၆ |
| ၁၁ | နှမ်းနက်စေ့ | ၁၀၅ မိုင် (ရှမ်း) | ၁ တန် | ၁၅၂၇ မှ ၁၆၀၀ | ၁၆၃၇ မှ ၁၇၁၁ |
| ၁၂ | နှမ်းနက် | ၁၀၅ မိုင် (ရှမ်း) | ၁ တန် | ၁၁၈၇ မှ ၁၄၈၂ | |
| ၁၃ | နှမ်းဖြူ | ၁၀၅ မိုင် (ရှမ်း) | ၁ တန် | ၁၂၆၁ မှ ၁၄၀၉ | |
| ၁၄ | နှမ်းညို | ၁၀၅ မိုင် (ရှမ်း) | ၁ တန် | ၁၀၃၉ မှ ၁၁၈၇ | ၁၁၁၉ မှ ၁၁၉၃ |
| ၁၅ | နှမ်းအခွံချွတ် | ၁၀၅ မိုင် (ရှမ်း) | ၁ တန် | ၁၄၀၉ မှ ၁၅၅၆ | ၁၄၈၉ မှ ၁၆၃၇ |
| ၁၆ | ရာဘာ | ၁၀၅ မိုင် (ရှမ်း) | ၁ တန် | ၉၆၆ မှ ၁၀၃၉ | ၉၇၁ မှ ၁၀၄၅ |
| ၁၇ | မတ်ပဲ(FAQ) | ၁၀၅ မိုင် (ရှမ်း) | ၁ တန် | ၅၉၆ မှ ၆၄၁ | ၆၀၀ မှ ၆၁၅ |
| ၁၈ | ကုလားပဲလုံး | ၁၀၅ မိုင် (ရှမ်း) | ၁ တန် | ၇၁၅ မှ ၇၄၄ | ၆၄၅ မှ ၆၇၄ |

https://greenwaymyanmar.com

(စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများနှင့် သုံးသပ်ချက်ကို အခြေခံဖော်ပြခြင်း ဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/market_price_in_muse_for_february_two

## ၁၀ လတာကာလအတွင်း ပြည်ပသို့ ပုစွန်တန်ချိန် ၁၃၀၀၀ ကျော် တင်ပို့ပြီးဖြစ်

မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန် ပစ္စည်းများတင်ပို့လျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ၁၀ လတာကာလအတွင်း ပြည်ပသို့ ပုစွန်တန်ချိန် ၁၃၀၀၀ ကျော် တင်ပို့ပြီးဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၁၀ လတာ ကာလအတွင်း ပြည်ပကို ပုစွန်တင်ပို့မှုအနေနဲ့ ပုံမှန်ကုန်သွယ်မှုကနေ တန်ချိန် ၁၂၂၆၈ ဒသမ ၃၆၆ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၂၅၇ သန်း၊ နယ်စပ်ကုန်သွယ်ရေးကနေ တန်ချိန် ၉၆၁


https://www.myawady.net.mm/node/36246

ဒသမ ၉၆၃ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၉၈ သန်းရရှိခဲ့တဲ့အတွက် စုစုပေါင်းပုစွန်တန်ချိန် ၁၃၂၆၀ ဒသမ ၃၂၉ တန်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၆၅၅ သန်း ရရှိခဲ့ပါတယ်ဟု ငါးလုပ်ငန်း ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခင်နှစ်ကာလတူက ပြည်ပသို့ ပုစွန်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်မှုမှ တန်ချိန် ၉၀၉၁ ဒသမ ၂၁၀ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၉၁၀ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ တန်ချိန်၂၅၅၄ ဒသမ ၉၇၅ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၈ ဒသမ ၇၀၇ သန်းရရှိခဲ့ရာ စုစုပေါင်း ပုစွန်တန်ချိန် ၁၁၆၄၆ ဒသမ ၁၈၅ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၆၁၇ သန်း ရရှိခဲ့သည့်အတွက် ယခုနှစ်တွင် ပြည်ပသို့ပုစွန်တင်ပို့မှု ၁၆၁၄ ဒသမ ၁၄၄ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/36246

## ဥရောပနှင့်အရှေ့တောင်အာရှ စားအုန်းဆီစစ်ပွဲ ဆက်လက်တင်းမာ

ဥရောပသမဂ္ဂ အီးယူ၏ သစ်တောပြုန်းတီးမှု စည်းမျဉ်းစည်းကမ်းကိုဆန့်ကျင်ရန် အရှေ့တောင်အာရှနိုင်ငံများက အရှိန်မြှင့်နေသည်။ အရှေ့တောင်အာရှ အဓိကစားအုန်းဆီထုတ်လုပ်သည့်နိုင်ငံများသည် ဥရောပသမဂ္ဂ၏ အငြင်းပွားဖွယ် သစ်တောပြုန်းတီးမှုစည်းမျဉ်းကို လက်တုံ့ပြန်ကြမည်။

ကုန်သွယ်ရေးစစ်ပွဲ ပေါ်ထွက်လာနိုင်သည့် အခြေအနေဆီသို့ လျင်မြန်စွာ ကူးပြောင်းသွားနေပါသည်။ ဥရောပသမဂ္ဂ (EU) ပါလီမန်သည် ၎င်း၏ ကာလရှည်ကြာ အခြေအတင်အငြင်းအခုံဖြစ်ခဲ့သော တောပြုန်းစေသည့် စားအုန်းဆီတင်သွင်းမှု မပြုရန်လည်း အကျုံးဝင်သည့် သစ်တောပြုန်းတီးမှုဆိုင်ရာစည်းမျဉ်းကို ယမန်နှစ်က အတည်ပြုခဲ့သည်။

တစ်နှစ်နီးပါးအကြာ အချေအတင်ဆွေးနွေးအပြီး ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် ပါလီမန်မှာ မဲခွဲဆုံးဖြတ်ခဲ့ပြီး အတည်ပြုလိုက်ပါသည်။

ကမ္ဘာတစ်ဝှမ်းရှိ ထုတ်လုပ်သူ နိုင်ငံအများအပြားမှ ကာလကြာရှည် ဆန့်ကျင်နေသော်လည်း ၎င်း၏ ရပ်တည်ချက်အပေါ် လိုက်လျောညီထွေဖြစ်အောင် ဖြေလျှော့ပေးခြင်းမရှိသေးပါ။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ အထူးသဖြင့် စားအုန်းဆီကဲ့သို့သော ကုန်ပစ္စည်းထုတ်လုပ်သောနိုင်ငံများက ပြင်းထန်သောဆန့်ကျင်မှုများ ပြုလျက်ရှိပါသည်။ ကန့်ကွက်စာကို အီးယူထံ ၁၄ နိုင်ငံတို့က လက်မှတ်ရေးထိုးပြီးပေးပို့ခဲ့ကြသည်။ စားအုန်းဆီအပြင် ပဲပိစပ်၊ ကိုကိုးနှင့်ကော်ဖီ စသည့် ကုန်စည်မျိုးစုံတို့အတွက်လည်း အကျုံးဝင်သည့် ကန့်ကွက်စာဖြစ်ပါသည်။

အဆိုပါ နိုင်ငံပေါင်း ၁၄ နိုင်ငံမှာ အင်ဒိုနီးရှား၊ မလေးရှား၊ ဘရာဇီး၊ နိုင်ဂျီးရီးယား၊ အာဂျင်တီးနား၊ ကိုလံဘီယာ၊ ဂါနာ၊ ဂွာတီမာလာ၊ အိုင်ဗရီကို့စ်၊ ပါရာဂွေး၊ ပီရူး၊ ဟွန်ဒူးရပ်စ်၊ ဘိုလီးဗီးယားနှင့် အီကွေဒေါ်တို့ဖြစ်ပါသည်။

အာဆီယံဒေသရှိ ဆီအုန်းထုတ်လုပ်သောနိုင်ငံများဖြစ်သည့် မလေးရှားနှင့်အင်ဒိုနီးရှားတို့က ကန့်ကွက်ကြပါသည်။ စားအုန်းဆီ ဟဲဗီးဝိတ် နှစ်နိုင်ငံဖြစ်သည့် မလေးရှားနှင့်အင်ဒိုနီးရှားတို့သည် သစ်တောပြုန်းတီးမှုစည်းမျဉ်းကို ယခင်က ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဆန့်ကျင်ခဲ့ကြပြီး တစ်လေသံတည်း မဖြစ်ခဲ့ကြပါ။

မကြာသေးခင်က မလေးရှားတွင် ဝန်ကြီးချုပ်အသစ်တက်လာခဲ့ပြီး အစိုးရအဖွဲ့ အပြောင်းအလဲဖြစ်ခဲ့ပြီးသည့်နောက်တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အားပိုကောင်းလာခဲ့ပါသည်။

သစ်တောပြုန်းတီးမှု စည်းမျဉ်းများသည် အမျိုးသားအကျိုးစီးပွား အကာအကွယ်ပေးသည့် နိုင်ငံရေးအရ ကိရိယာ တစ်ခုဖြစ်သည်ဟု ၎င်းတို့ကဆိုကြသည်။ “ဒီစည်းမျဉ်းဟာ စားအုန်းဆီတင်သွင်းမှုကို ပိတ်ဆို့ဖို့ရည်ရွယ်ပြီး အကာအကွယ် ပေးရေးကြိုးပမ်းမှုဖြစ်ပြီး မလွဲမသွေစွန့်လွှတ်ရမယ်" ဟု Indonesian Palm Oil Association အင်ဒိုနီးရှား စားအုန်းဆီအသင်း (GAPKI) ဥက္ကဋ္ဌ ဂျိုကို ဆူပရီယိုနိုက တရားဝင်ထုတ်ပြန်ချက်မှတစ်ဆင့် ပြောကြားခဲ့သည်။

“ဥရောပသမဂ္ဂသည် စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများသည် စားအုန်းဆီအမျိုးမျိုးတို့ကို ဈေးနှုန်းချိုသာပြီး ရေရှည်တည်တံ့မှု စံချိန်စံညွှန်းမြင့်မားစွာရရှိနိုင်ရန်နှင့် မရမဖြစ်လိုအပ်သောအစားအစာများ လက်လှမ်းမီသော ဈေးနှုန်းများ ဖြစ်ဖို့ သေချာစေရန်အတွက် ထုတ်လုပ်သည့်နိုင်ငံများနှင့် စစ်မှန်သောပူးပေါင်းဆောင်ရွက်မှုကို လုပ်ဆောင်သင့်သည်။ လက်ရှိ စည်းမျဉ်းသည် ယင်းကိစ္စကိုမအောင်မြင်ပါ။ အကယ်စင်စစ် စားအုန်းဆီအမျိုးမျိုးတို့ အီးယူတွင် ဈေးတက်ဖို့သာ ဖြစ်လာလိမ့်မည်” ဟု ၎င်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သစ်တောပြုန်းတီးမှု စည်းမျဉ်းအပေါ် တုံ့ပြန်မှုတွင် အထင်ရှားဆုံးမှာ နှစ်နိုင်ငံစလုံး၏ အစိုးရများသည် ကုန်ပစ္စည်း အပေါ် အီးယူ၏ ပြင်းထန်သောအဆိုးမြင်မှုများကြောင့် အီးယူနှင့်စားအုန်းဆီကုန်သွယ်မှုကို ဖြတ်တောက်ရန် စဉ်းစား နေကြောင်း မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့ကြသည်။ “ရွေးစရာ နည်းလမ်းတစ်မျိုးက ကျွန်တော်တို့အတွက် အခက်အခဲတွေ ဆက်ရှိနေဦးမယ်ဆိုရင် ဥရောပကို စားအုန်းဆီတင်ပို့တာကို ရပ်လိုက်ဖို့နဲ့ တခြားနိုင်ငံတွေဆီကို တင်ပို့ဖို့ကို အာရုံစိုက်ဖို့ဖြစ်ပါတယ်” ဟု မလေးရှားစိုက်ခင်းနှင့် ကုန်စည်ဒိုင်ဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ် Datuk Seri Fadillah Yusof က ပြောကြားခဲ့သည်။

“စားအုန်းဆီဟာ ဈေးအသက်သာဆုံးဖြင့် ရနိုင်သောဆီဖြစ်ပါတယ်။ အီးယူရဲ့ စဉ်ဆက်မပြတ်ပြောင်းလဲနေသော ဘောင်များဟာ ၎င်းတို့ရဲ့ ထုတ်ကုန်များကို ကာကွယ်ရန်အတွက် ကုန်သွယ်မှုအတားအဆီးတစ်ခုဖြစ်ပါတယ်” ဟု ၎င်းက ပြောကြားသည်။ “ဒီလိုမမျှတတဲ့ ကုန်သွယ်မှုဆိုင်ရာ ကန့်သတ်ချက်တွေကို ဖယ်ရှားတာသေချာအောင် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ (World Trade Organization) က ဝင်ပါေပးသင့်ပါတယ်" ဟု ၎င်းကတောင်းဆိုခဲ့သည်။ ၎င်းအချက်ကို အင်ဒိုနီးရှား စီးပွားရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီး Airlangga Hartarto က ပြည်တွင်းသတင်းစာ ရှင်းလင်းပွဲတစ်ခုမှာ ပဲ့တင်ထပ်ခဲ့ပါသည်။

“အီးယူက စားအုန်းဆီနှင့် ပတ်သက်တဲ့ သဘောထားနှစ်ခုကို ပြသနေပါတယ်။ သူတို့က စားအုန်းဆီကုန်သွယ်မှုတွင် ခက်ခဲသွားအောင် ဖန်တီးဖို့ ကြိုးစားနေကြတယ်။ ဒါပေမဲ့ အင်ဒိုနီးရှားက စားအုန်းဆီတင်ပို့မှုကို ရပ်တန့်လိုက်တဲ့ အခါမှာ အီးယူက စားအုန်းဆီကို လိုအပ်တာကြောင့် ရပ်တန့်တာကို မကျေမနပ်ပြောဆိုတယ်” ဟု Airlangga Hartarto က ပြောကြားသည်။ “အင်ဒိုနီးရှားဟာ အီးယူနဲ့စားအုန်းဆီကုန်သွယ်မှုမှာ ဘာမှလုပ်မပေးသင့်ပါဘူး” ဟု ၎င်းက မှတ်ချက် ပြုသည်။

သစ်တောပြုန်းတီးမှု စည်းမျဉ်းကဲ့သို့သော သွင်းကုန်ကန့်သတ်ချက်များနှင့် အာဆီယံမှ အခြား ပို့ကုန်ကန့်သတ်ချက် များသည် ဥရောပစီးပွားရေးလုပ်ငန်းများအဖို့ စရိတ်စကကို မြင့်မတက်အောင်ထိန်းထားရန် ရုန်းကန်ကြရမည်ဖြစ်ပြီး စားသုံးသူများသည် ဈေးနှုန်းတက်ခြင်းကို ကြုံတွေ့ရနိုင်သည်။

အီးယူသည် အခြားဆီ အမျိုးအစားများသို့ ပြောင်းနိုင်သော်လည်း စာရွက်ပေါ်တွင် ဖော်ပြထားသကဲ့သို့ လွယ်ကူ ရိုးရှင်းသည်မဟုတ်ချေ။ အပြောလွယ်ပြီး လက်တွေ့လုပ်ဖို့ ခက်ခဲပါသည်။

စားသုံးဆီအမျိုးမျိုးတို့အကြား ဈေးနှုန်းအတက်အကျ အချိတ်အဆက်များရှိနေကြသည်။ ရုရှား၏ ယူကရိန်း ကျူးကျော်စစ်ကြောင့် ယူကရိန်းထံမှ နေကြာဆီမရရှိသဖြင့် နေကြာဆီဈေးတက်သည်။ ထိုအခါ စားအုန်းဆီကလည်း ဈေးလိုက်တက်သည်။ အခြားစားသုံးဆီများလည်း ဈေးတက်ကုန်သည်။

သို့ဖြစ်ရာ ဥရောပသို့ အရှေ့တောင်အာရှမှ စားအုန်းဆီ တင်ပို့မှုရပ်သွားလျှင် အခြားစားသုံးဆီများ ဈေးတက်မည်။ အီးယူ အနေဖြင့် စားအုန်းဆီကို အစားထိုးရန် ဈေးသက်သာသော အခြားစားသုံးဆီမရှိချေ။ သို့ဖြစ်ရာ စားသုံးဆီအမျိုးမျိုး ဈေးတက် မည်။ ထိုသို့ ဈေးတက်သည့်ဒဏ်ကို အီးယူမှ စားသုံးသူများ ခံစားကြရမည်ဟု ကျွမ်းကျင်သူတို့က ရှုမြင်ကြပါသည်။

**Source: foodnavigatorasia**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/5723-asia-eu-palm-oil-war.html

## ထိုင်းအခွန်ကင်းလွတ် ကာလဖြစ်တာမို့ မြန်မာ့ပြောင်း လျာထားပမာဏနဲ့ ပြည့်ပပို့မယ်




အခုနှစ် ၈ လတာအတွင်း မြန်မာ့ပြောင်းကို ပြည့်ပထံ လျာထားပမာဏနဲ့ တင်ပို့သွားဖို့ ဆောင်ရွက်နေတယ်လို့ မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်းထံမှ သိရပါတယ်။

လျာထားပမာဏအရ ဇန်နဝါရီလမှ ဩဂုတ်လအထိကို ပြောင်းတန်ချိန် ၁ သိန်း ၈ သောင်းလောက်ထိ တင်ပို့သွားဖို့ဖြစ်ပါတယ်။

အဓိက ထိုင်းနိုင်ငံကို ရောင်းချတင်ပို့ရာမှာ ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံ အာဆီယံသဘောတူညီချက်အရ နှစ်စဉ် ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ်လ ၃၁ ရက်ထိ အခွန်ကင်းလွတ်ခွင့်ရရှိနေတာဖြစ်တာမို့ လတ်တလော ရန်ကုန်၊ မန္တလေး ဈေးကွက်အတွင်းမှာ ပြောင်း အဝယ်လိုက်ကာ ဈေးကောင်းနေတယ်လို့ ယင်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုထားပါတယ်။

ဒါ့အပြင် နှစ်စဉ် စက်တင်ဘာ ၁ ရက်မှ နောက်နှစ်ဖြစ်တဲ့ ဇန်နဝါရီ ၃၁ ရက်ထိ ထိုင်းဘက်မှ ပြောင်းထွက်ချိန်နဲ့ ကိုက်ညီနေတာကြောင့် အခွန်ကင်းလွတ်တင်သွင်းခွင့်ကို ယာယီပိတ်ထားလေ့ရှိတာမို့ မြန်မာနိုင်ငံအနေနဲ့ တရုတ်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မလေးရှား၊ သီရိလင်္ကာစတဲ့နိုင်ငံတွေထံ တင်ပို့နေရတဲ့ အခြေအနေဖြစ်တယ်လို့ သိရပါတယ်။

အထက်ပါ ထိုင်းနိုင်ငံရဲ့ အခွန်ကင်းလွတ်ခွင့် ယာယီပိတ်ထားတဲ့ကာလဖြစ်လို့ ၂၀၂၂ ခုနှစ် စက်တင်ဘာမှ ဒီဇင်ဘာလအထိကို မြန်မာနိုင်ငံအနေနဲ့ ပင်လယ်ရေကြောင်း၊ နယ်စပ်များမှ ပြောင်းတန်ချိန် ၂ သိန်းကျော် တင်ပို့ထားနိုင်ခဲ့တယ်လို့ သိရပါတယ်။

ပြောင်းကို အစာစပ်လုပ်ငန်းများမှာ အဓိကထားအသုံးပြုနေသလို လက်တလော ပြည်တွင်း စားသုံးသူ လက်လီဈေးကွက်မှာတော့ ပြောင်းဖူး တစ်ဖူးကို ယခင်ငွေကျပ် ၁၀၀ ကနေ အခု လက်ချိန်မှာတော့ ငွေကျပ် ၃၀၀၊ ၄၀၀ ကျပ်ထိ ဈေးမြင့်နေတဲ့ အခြေအနေပါ။

ဤဆောင်းပါးကို MFN မှကူးယူဖော်ပြပါသည်။

**Source:** https://mail.google.com/mail/u/1/#inbox/FMfcgzGrcPPHKXmnwQnJlLsvPgpgfnGV

## ဟွန်ဒါနှင့်ဂျီအမ်တို့ပေါင်း၍ ဟိုက်ဒရိုဂျင်လောင်စာသုံးစနစ်ကိုစတင်ထုတ်လုပ်မည်

ဂျပန်နိုင်ငံမှဟွန်ဒါမော်တာကုမ္ပဏီသည် ယခုနှစ်အတွင်း အမေရိက ဂျီအမ်မော်တာကုမ္ပဏီနှင့်ပူးပေါင်းထုတ်လုပ်ထားသည့် ဟိုက်ဒရိုဂျင်လောင်စာသုံးစနစ်သစ်ကို စတင်ထုတ်လုပ်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါလောင်စာစနစ်အား ဟိုက်ဒရိုဂျင်လုပ်ငန်းကို ချဲ့ထွင်ရန်ကြိုးပမ်းမှုတစ်ရပ်အဖြစ် ယခုဆယ်စုနှစ်အတွင်း ရောင်းအားကို အရှိန်မြှင့်မည်ဖြစ်သည်ဟုလည်းပြောကြားခဲ့သည်။

ဟွန်ဒါသည် ယခုဆယ်စုနှစ်လယ်၌ လောင်စာ ဆဲလ်စနစ်သစ်သုံး မော်တော်ယာဉ်နှစ်စဉ်ရောင်းချမှုအား အစီးရေ ၂,၀၀၀ ခန့်အထိ ရည်ရွယ်ထားပြီး ၂၀၃၀ ပြည့်နှစ်အထိ တစ်နှစ်လျှင်အစီးရေ ၆၀,၀၀၀ အထိ မြှင့်တင်ရန်ရည်မှန်းထားသည်ဟု ကုမ္ပဏီက ဖေဖော်ဝါရီလ ၂ ရက်တွင်ပြောကြားခဲ့သည်။ ဟွန်ဒါသည် ဟိုက်ဒရိုဂျင်သုံးလောင်စာကို ကိုယ်ပိုင်လျှပ်စစ်ယာဉ် (FCEV) များအတွက်သာမကဘဲ အကြီးစား ထရပ်ကားများ၊ ဓာတ်အားပေးစက်ရုံများနှင့် ဆောက်လုပ်ရေးစက်ပစ္စည်းများတွင်ပါ တိုးချဲ့အသုံးပြုရန် ကြိုးပမ်းနေကြောင်းသိရသည်။

ဟွန်ဒါသည် ဂျီအမ်နှင့်ဖက်စပ်လုပ်ကိုင်ထားသည့် ဟိုက်ဒရိုဂျင်လောင်စာစနစ်ကို ယခုနှစ်အတွင်း စတင်ထုတ်လုပ်တော့မည်ဖြစ်ကြောင်း ဟွန်ဒါ အကြီးတန်းစီမံခန့်ခွဲမှု အမှုဆောင်ဒါရိုက်တာ ရှင်းဂျိအိုရိမာက တိုကျို၌ပြုလုပ်သည့် ကုမ္ပဏီပွဲအတွင်း သတင်းထောက်များအားပြောကြားခဲ့ကြောင်းလည်းသိရသည်။

Source : Reuters

Popular News Journal

# STOCK EXCHANGE (3.2.2023)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 3rd Feb. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,050 (Shares) | 45,100,000 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,500 | 8,600 | 8,500 | 1,494 | 12,699,500 | 33,109,694 | 284,743 |
| MTSH | 00002 | 3,350 | +50 | +1.52% | 3,250 | 3,350 | 3,250 | 3,459 | 11,355,500 | 38,929,150 | 130,413 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 2,250 | +100 | +4.65% | 2,200 | 2,250 | 2,200 | 8,304 | 18,455,950 | 24,720,530 | 55,621 |
| TMH | 00005 | 2,500 | -100 | -3.85% | 2,550 | 2,550 | 2,500 | 207 | 522,850 | 12,823,224 | 32,058 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 366 | 988,200 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 220 | 1,078,000 | 10,497,598 | 51,438 |

## Market summary

As of 3rd Feb. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 395.66 | +1.80 | +0.46% | 391.18 | 395.66 | 391.18 | 14,050 | 45,100,000 | 7 | 688,300 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 10:00 am, 6th Feb. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,538 (Shares) | 3,384,700 (MMK) |

| MYANPIX | 393.83 ▼ 1.83 |
|---|---|
| Total Volume (shares) | 1,538 |
| Total Value (MMK) | 3 mil |
| Listed Company | 7 |
| Market Cap. (MMK) | 685,117 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,300 | ▼ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 2,200 | ▼ 50 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |